# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်ပွဲအပြီး မဏ္ဍိုင်ကြီးသုံးရပ် ပေါ်ပေါက်ခဲ့ပြီး လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများလူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရေး၊ ခေတ်နှင့်လျော်ညီသည့် ဥပဒေများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းကို လွှတ်တော်တွင် စတင်ဆွေးနွေးလျက်ရှိပြီး ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ နှစ်နိုင်ငံလွှတ်တော်ချင်း ထိတွေ့ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက် နိုင်ရေး ကိုလည်း သံအမတ်ကြီးမှတစ်ဆင့် ကူညီပေးစေလိုပါကြောင်း ဆွေးနွေးပြော ကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးက  မြန်မာ လွှတ်တော်များ၏ ဖွဲ့စည်းမှုနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား မေးမြန်းခြင်း၊ လက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွှတ်တော်ဖွဲ့စည်းမှုများအား ရှင်းလင်းပြောကြားခြင်း နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ် များအား ပြန်လည်ဆွေးနွေး မေးမြန်းခဲ့ ပါသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**